ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၂/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၆) ရက်

ကြားကာလယာယီတက္ကသိုလ်ကောင်စီများအား အသိအမှတ်ပြုကြောင်းကြေညာခြင်း

(၁) တက္ကသိုလ်၊ ကောလိပ်များ၏လုပ်ငန်းပိုင်းဆိုင်ရာအတွက် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် ကြေညာစာတမ်း၏ ဦးတည်ချက်၊ရည်ရွယ်ချက်များနှင့်အညီ စုပေါင်းခေါင်းဆောင်မှုမူတဆင့် စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသော ကြားကာလယာယီတက္ကသိုလ် ကောင်စီများကို အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ လက်ခံအသိအမှတ်ပြုသည်။

(၂) ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ စံတန်ဖိုး၊ မူဝါဒနှင့်အညီ ဝန်ကြီးဌာန၏ စုပေါင်း အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ကြားကာလယာယီတက္ကသိုလ်ကောင်စီများနှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်သည်။

(၃) ကြားကာလယာယီတက္ကသိုလ်ကောင်စီများ ဖွဲ့စည်းမှုကို အမျိုးသားညီညွတ်ရေးအစိုးရသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၄) ကြားကာလယာယီတက္ကသိုလ်ကောင်စီများ ဖွဲ့စည်းထားမှုအခြေအနေ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို moe@nugmyanmar.org သို့ email ပေးပို့စေလိုပါသည်။

(၅) အခြေအနေအရပ်ရပ်အရ ကြားကာလယာယီတက္ကသိုလ်ကောင်စီဖွဲ့စည်းရန် ခက်ခဲသော ကျောင်းများသည် နယ်မြေဒေသအလိုက်ဖြစ်စေ၊ ပညာရပ်အလိုက်ဖြစ်စေ တူရာစုပေါင်း၍ စည်းလုံးညီညွတ်မှု မပျက်ပြားစေပဲ စုပေါင်းခေါင်းဆောင်မှုမူတဆင့် စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန်အတွက် ဖွဲ့စည်းကြပါရန် တိုက်တွန်းအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ